# အနုန်ဆီ ၊ တူကိုမာ နှင့် ကပ်စေးနှဲရုပ်




# အနန်ဒါ ၊ တူကိုဖာ နှင့် ကပ်စေးနှဲရုပ်


(ကရစ်ဘီယံပုံပြင်-ရှေးဟောင်းအနောက်အာဖရိကပုံပြင်မှ ဆင့်ပွားလာခဲ့သည်။)




တစ်ခါတုန်းက အနန်ဆီ လို့ခေါ်တဲ့ လူတစ်ယောက်ဟာ သူ့မိန်းမ၊ ကလေးတွေနဲ့အတူ ရွာတစ်ရွာမှာ နေထိုင်ကြတယ်။ အနန်ဆီတို့မိသားစုဟာ အခြားရွာသူရွာသားတွေလိုပဲ မြစ်နံဘေးက သူတို့ပိုင်တဲ့မြေကွက်မှာ ကန်စွန်းဉနဲ့ အခြားဟင်းသီးဟင်းရွက်တွေကို စိုက်ပျိုးကြတယ်။



နေ့စဉ်နေ့တိုင်း အနန်ဆီ ပထမဆုံး လုပ်လေ့လုပ်ထရှိတာကတော့ သူ့ယာတော ကို ကြည့်ပြီး ပြုံးတာပါပဲ။ ယာတောက လည်း တစ်နေ့ထက်တစ်နေ့ ပိုပြီးစိမ်းလန်း လာတယ်။ သူနဲ့ သူ့မိသားစုဟာ နေ့တိုင်း ယာတောကို သွားကြည့်တယ်။ ပေါင်းတွေ ကို ရှင်းလင်းကြတယ်။ သူတို့ဟာ ပျော်ပျော် ရွှင်ရွှင်နဲ့ သီချင်းတွေဆိုပြီး အလုပ်လုပ်ကြ တယ်။




ရွာထဲမှာ မြေကွက်တွေ အများကြီး ရှိပေမယ့် လူတိုင်းကတော့ စိုက်ကြပျိုးကြတာ မဟုတ်ပါဘူး။ သူတို့ထဲက တူကိုမာဆိုတဲ့ လူတစ်ယောက်ဟာလည်း စိုက်ပျိုးကြတဲ့အထဲမှာ မပါပါဘူး။ နေ့စဉ်နေ့တိုင်း တူကိုမာဟာ အနန်ဆီတို့မိသားစုရဲ့ ယာတောကိုကြည့်ပြီး မနာလိုဖြစ်နေတယ်။ နောက်ပြီး 'အနန်ဆီဆိုတဲ့ကောင်ဟာ သူ့ကိုယ်သူ တော်လှပြီလို့ ထင်နေတယ်။ ကြည့်ကြသေးတာပေါ့။ ဘယ်သူတော်သလဲဆိုတာ' လို့ သူ့ကိုယ်သူ ပြန်ပြီးပြောသေးတယ်။



ယာကို ရိတ်သိမ်းချိန်ကျလာတော့ အနန်ဆီတို့မိသားစုဟာ စုပေါင်းလုပ်ကိုင်ကြတယ်။ ကန်စွန်းဥတွေကို မိုးမကျမီ မြန်မြန်တူးယူဖို့ လုပ်ကြတယ်။ အဲဒီလို တူးယူတဲ့ ဒုတိယနေ့မှာ သူ့မိသားစုတွေ ယာတောထဲလည်းရောက်ရော သူတို့ရဲ့ ကန်စွန်းဥတွေကို တစ်ယောက်ယောက်က တူးယူထားတာ တွေ့လိုက်ရတယ်။ ဒါနဲ့ အနန်ဆီက 'ဒီလူတွေကို ငါတို့ မိအောင် ဖမ်းရမယ်။ ဒီလိုမှ မဖမ်းနိုင်ရင် ငါတို့စားဖို့ အတွက်ရော၊ ဈေးမှာရောင်းဖို့အတွက်ရော ရှိတော့မှာ မဟုတ်ဘူး' လို့ သူ့မိသားစုကို ပြောလိုက်တယ်။



သူ့မိန်းမက 'တို့တစ်တွေ ဒီနေ့ည ဒီမှာ အိပ်ပြီး သူခိုးဖမ်းကြရအောင်' လို့ ပြောပြီး စောင့်ဖမ်းကြတယ်။ ဒါပေမဲ့ ကံမကောင်းတာက အနန်ဆီတို့ မိသားစုဟာ နေ့တိုင်း ပင်ပင်ပန်းပန်း လုပ်ရလို့ သူခိုးမဖမ်းခင်ဘဲ အစောကြီး အိပ်ပျော်သွားကြတယ်။ ဒီလိုနဲ့ သုံးည လုံးလုံး သူခိုးဟာ ကန်စွန်းဥတွေကို ခိုးပြီး တူးယူနေတာပေါ့။



လေးရက်မြောက်နေ့ကျတော့ အနန်ဆီ
ဟာ တောထဲသွားပြီး ကပ်စေးနှဲအစေးတွေ
သွားရှာတယ်။ ညကျတော့ အနန်ဆီဟာ
တုတ်တွေနဲ့ လူရုပ်ပုံတစ်ခုကို လုပ်ပြီး သူ့
အဝတ်အစားတွေကို ဝတ်ပေးလိုက်တယ်။
အဲဒီလူရုပ်ကို ကပ်စေးနှဲအစေးတွေ သုတ်
ထားလိုက်ပြီး ယာထဲမှာ သွားထားလိုက်
တယ်။ အဲဒီညမှာ သူနဲ့ သူ့မိသားစုဟာ
အိမ်ကိုပြန်ပြီး အိပ်ကြတာပေါ့။




ညကျတော့ တူကိုမာဟာ ယာထဲကို ရောက်လာပြီး ကန်စွန်းဥတွေကိုတူးမယ် လို့ ပြင်နေတုန်း လူရုပ်ကို တွေ့သွားတယ်။ ဒါနဲ့ 'ဟိတ်၊ ငါ့ယာထဲကိုဝင်ပြီး ဘာလုပ်နေ တာလဲ' လို့ မေးလိုက်တယ်။ ပြန်ဖြေသံ မကြားရဘူး။ တူကိုမာက 'ငါ့ယာထဲက ထွက်သွားစမ်း၊ မထွက်ရင် ငါ မင်းကို အပြင်ဆွဲထုတ်ပစ်မယ်' လို့ အော်ပြော တယ်။ ဒီအခါမှာလည်း ပြန်ဖြေသံမကြားရ ပြန်ဘူး။



တူကိုမာဟာ လူရုပ်ရှိရာကိုသွားပြီး သူ့ညာလက်နဲ့ ဆွဲပစ်လိုက်တယ်။ ချက်ချင်းပဲ သူ့ညာလက် ကပ်သွားတယ်။ ဒါနဲ့ သူ့ဘယ်လက်နဲ့ ရိုက် လိုက်တော့ ဘယ်လက်လည်း သွားပြီး ကပ်နေပြန်တယ်။ တူကိုမာဟာ ရှုန်းရင်းကန်ရင်းနဲ့ သူ့ဗိုက်ကြီးလည်း ကပ်သွားပြန်ရော 'မင်းကိုကန်မယ်' လို့ အော်ပြီး ကန်လိုက်တာ ခြေထောက်ပါ ကပ်သွားတယ်။ ဒီအရုပ်ဟာ လှုပ်လည်း မလှုပ်ပါလားလို့ ရုတ်တရက် သိလိုက်ရတဲ့ အချိန်မှာ သူ့တစ်ကိုယ်လုံး ကပ်နေပြီ ဖြစ်တယ်။ နောက် သူ့ခေါင်းနဲ့ တိုက်ပစ် လိုက်တဲ့အခါ သူ့ခေါင်းလည်း ကပ်သွားပြန် တယ်။



တူကိုမာက 'ငါ့ကို လွှတ်ပေးပါ၊ ငါ့ကို လွှတ်ပေးရင် မင်းကို ငါ ပိုက်ဆံတွေ အားလုံးပေးပါ့မယ်၊ ကျေးဇူးပြုပြီး လွှတ်ပေးပါ' လို့ တောင်းပန်တယ်။ ဒီလိုနဲ့ လွှတ်ပေးရင် ပေးမယ့်ပစ္စည်းအမျိုးမျိုးကို တစ်မျိုးပြီး တစ်မျိုး ထပ်ထပ်တိုးပြီး တစ်ညလုံး တောင်းပန်တယ်။ ဒါပေမယ့် ဘာအဖြေမှ မရခဲ့ဘူး။ သူ့ကိုယ်ကလည်း ကပ်မြဲကပ်နေတယ်။ ရောင်နီလာတော့ အနန်ဆီတို့ မိသားစု အလုပ်လုပ်ဖို့ရောက်လာတဲ့အခါမှာ တူကိုမာဟာ ဒီအတိုင်းပဲရှိနေတယ်။



အနန်ဆီတို့က သူ့ကိုကပ်နေတာတွေ ခွာပေးဖို့လုပ်ကြတဲ့အခါ တူကိုမာဟာ ပိုပြီး အရှက်ရခဲ့တယ်။ ပထမ ခွာဖို့လုပ်တာ ဘယ်လိုမှမရတာနဲ့ အနန်ဆီဟာ သူ့တောခုတ်ဓားနဲ့ တူကိုမာရဲ့အဝတ်တွေကို ဖြတ်ပစ်လိုက်တော့မှ ခွာလို့ရသွားတော့ တယ်။ အဲဒီနေ့ကတည်းက တူကိုမာဟာ ရွာကနေ ထွက်ပြေးသွားတယ်။ နောင်ကိုလည်း ဘယ်တော့မှမခိုးတော့ဘူး။





ကာတွန်းသရုပ်ဖော်    ဇော်ဝိတ်
ဂရပ်ဖစ်ဒီဇိုင်း    ဇေဖြိုး

ယူနီဆက်မှ အခမဲ့ ဖြန့်ဝေသည်။
ရောင်းချရန် မဟုတ်ပါ။